တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၀) ရက်မြောက်နေ့အစီအစဉ်

(၂၃ - ၁၀ - ၂၀၂၆) (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်၏ **ညောင်တုန်းမြို့၏ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်း တမံ/နံရံများအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးတင်ဌေး၊ ကသာ မဲဆန္ဒနယ်၏ **အခြားအခွန်များအပြင် ကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့ကောက်ခံလျက်ရှိကြောင်း သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်၊ ခြောက်ထပ်ကွေ့တောင်လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ ဆက်သွယ်သော အားခေဝမ်ကောင်းမြေသားလမ်းအား အဆင့်တိုးမြှင့်ခင်းပေးခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမောင်ရွှေ၊ လွိုင်ကော် မဲဆန္ဒနယ်၏ **လွိုင်ကော်မြို့နယ်၊ သာယုရွာမှ နန်းနောက်ရွာအထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာအထိနှင့် နန်းနောက်ရွာမှ ရှမ်းပြည်နယ် နယ်စပ်ထိ မြေသားလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်၏ **တောင်တွင်း–မြို့သစ် ကားလမ်းမနှင့် ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ)အနီး ကားလမ်းမ ထနောင်းကွင်းကျေးရွာထိ လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်မြင့်သန်း၊ ကျောက်ဆည် မဲဆန္ဒနယ်၏ **ကျောက်ဆည်– တံစိုး – ကျောက်ဆောက်ကုန်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ ဆောက်လုပ်ရေး လမ်း/တံတားများအတွက် ရန်ပုံငွေများအား ပိုမိုခွဲဝေချထားပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဦးသန်းထွန်း၊ ပုသိမ်မဲဆန္ဒနယ်၏ **"နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။